မုဆိုးမနှင့် ဆင်းရဲသားတို့အတွက်
ကြိုးပမ်းဆောင်ရွက်သူသည် အလ္လာဟ်အရှင်မြတ်၏
လမ်းတော်တွင် စစ်မက်တိုက်ခိုက်သူ သို့မဟုတ် ညတွင်
ဆွလာသ်ဆောက်တည်ပြီး နေ့တွင်
ဆွိယာမ်ဥပုသ်စောင့်ထိန်းသူကဲ့သို့ ဖြစ်သည်။
အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မုဆိုးမနှင့်
ဆင်းရဲသားတို့အတွက် ကြိုးပမ်းဆောင်ရွက်သူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင်
စစ်မက်တိုက်ခိုက်သူ သို့မဟုတ် ညတွင် ဆွလာသ်ဆောက်တည်ပြီး နေ့တွင်
ဆွိယာမ်ဥပုသ်စောင့်ထိန်းသူကဲ့သို့ ဖြစ်သည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ ခင်ပွန်းသည်
ကွယ်လွန်သွားပြီး သူမ၏အရေးကိစ္စများကို ဆောင်ရွက်ပေးမည့်သူမရှိသည့်
အမျိုးသမီးနှင့် လိုအပ်ချက်ရှိနေသောဆင်းရဲသားတို့၏ ကောင်းကျိုးကို ဆောင်ရွက်ပေးသူ၊
အလ္လာဟ်အရှင်မြတ်ထံတော်တွင် အကျိုးကုသိုလ်မျှော်ကိုးပြီး ၎င်းတို့အပေါ်
ပေးကမ်းသုံးစွဲသူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် စစ်မက်တိုက်ခိုက်သူ၊
ပင်ပမ်းမှုမရှိဘဲ ညသဟဂျ်ဂျွဒ်ဆွလာသ် ဆောက်တည်သူ၊ ဝါမဖြေဘဲ ဆက်တိုက်
ဆွိယာမ်ဥပုသ်စောင့်သူတို့ကဲ့သို့ အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/3135